## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံတင်ပြချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဘဏ္ဍာရေးကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၃၀ ပါ ဘဏ္ဍာရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စုနယ်မြေ အသုံး စရိတ်များပါရှိသော ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေဖြည့်ဆည်းပေးမှု နှင့် ထောက်ပံ့မှုများအပါအဝင် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ထောက်ခံတင်ပြရန် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ (၉) ရက်နေ့တွင် ကျင်းပသော ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၈) ကြိမ်မြောက်အစည်းအဝေးက အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

### <u>၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း</u>

၂။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးခြင်းနှင့် ထောက်ပံ့ပေးခြင်းများအပါအဝင် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| | အကြောင်းအရာ | ပြည်ထောင်စု |
|---|---|---|
| (က) | **ရငွေများ** | **၈,၄၉၁,၉၈၂** |
| | (၁) သာမန် | ၇,၃၂၆,၈၅၃ |
| | (၂) ငွေလုံးငွေရင်း | ၇၇,၈၂၈ |
| | (၃) ကြွေးမြီ | ၁,၀၈၇,၃၀၁ |
| (ခ) | **သုံးငွေများ** | **၁၀,၆၇၇,၆၉၈** |
| | (၁) သာမန် | ၈,၀၀၆,၇၆၁ |
| | (၂) ငွေလုံးငွေရင်း | ၂,၁၉၄,၇၄၁ |
| | (၃) ကြွေးမြီ | ၄၇၆,၁၉၆ |
| (ဂ) | **ပိုငွေ(+) /လိုငွေ(-)** | **(-) ၂,၁၈၅,၇၁၆** |
| (ဃ) | **ဂျီဒီပီတန်ဖိုး** | **၃၂,၈၇၃,၂၀၃** |
| (င) | **လိုငွေနှင့်ဂျီဒီပီအချိုး** | **၆.၆၅%** |

၃။ ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၏ သာမန်ရငွေ၊ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေတို့၏ ယမန်နှစ် မူလခန့်မှန်းခြေ(၆)လနှင့် နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(ကျပ်သန်းပေါင်း)

| | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ မူလ ခန့်မှန်းခြေ (၆)လ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ မူလခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
|---|---|---|---|---|
| (က) | သာမန်ရငွေ | ၆,၀၄၈,၉၀၃ | ၇,၃၂၆,၈၅၃ | (+) ၁,၂၇၇,၉၅၀ |
| (ခ) | ငွေလုံးငွေရင်းရငွေ | ၈၁,၇၀၈ | ၇၇,၈၂၈ | (-) ၃,၈၈၀ |
| (ဂ) | ကြွေးမြီရငွေ | ၅၂၃,၃၀၆ | ၁,၀၈၇,၃၀၁ | (+) ၅၆၃,၉၉၅ |
| | စုစုပေါင်း | ၆,၆၅၃,၉၁၇ | ၈,၄၉၁,၉၈၂ | (+) ၁,၈၃၈,၀၆၅ |

၄။ ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၏ သာမန်အသုံးစရိတ်၊ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်တို့၏ ယမန်နှစ် မူလခန့်မှန်းခြေ (၆) လနှင့် နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ မူလ ခန့်မှန်းခြေ (၆)လ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ မူလခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
|---|---|---|---|---|
| (က) | သာမန်အသုံးစရိတ် | ၇,၁၀၇,၀၉၅ | ၈,၀၀၆,၇၆၁ | (+)၈၉၉,၆၆၆ |
| (ခ) | ငွေလုံးငွေရင်းအသုံးစရိတ် | ၁,၇၁၉,၅၄၆ | ၂,၁၉၄,၇၄၁ | (+) ၄၇၅,၁၉၅ |
| (ဂ) | ကြွေးမြီအသုံးစရိတ် | ၂၈၄,၁၃၅ | ၄၇၆,၁၉၆ | (+) ၁၉၂,၀၆၁ |
| | စုစုပေါင်း | ၉,၁၁၀,၇၇၆ | ၁၀,၆၇၇,၆၉၈ | (+) ၁,၅၆၆,၉၂၂ |

၅။ ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၏ သာမန်ရငွေ၊ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေတို့၏ ယမန်နှစ် ပြုပြင်ပြီးခန့်မှန်းခြေ(၆)လနှင့် နှိုင်းယှဉ်ချက်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

(ကျပ်သန်းပေါင်း)

| | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ပြုပြင်ပြီး ခန့်မှန်းခြေ (၆)လ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ မူလခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
|---|---|---|---|---|
| (က) | သာမန်ရငွေ | ၆,၄၄၇,၁၃၉ | ၇,၃၂၆,၈၅၃ | (+) ၈၇၉,၇၁၄ |
| (ခ) | ငွေလုံးငွေရင်းရငွေ | ၃၀,၅၄၂ | ၇၇,၈၂၈ | (+) ၄၇,၂၈၆ |
| (ဂ) | ကြွေးမြီရငွေ | ၃၂၄,၃၄၂ | ၁,၀၈၇,၃၀၁ | (+) ၇၆၂,၉၅၉ |
| | စုစုပေါင်း | ၆,၈၀၂,၀၂၃ | ၈,၄၉၁,၉၈၂ | (+)၁,၆၈၉,၉၅၉ |

၆။ ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၏ သာမန်အသုံးစရိတ်၊ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်တို့၏ ယမန်နှစ် ပြုပြင်ပြီးခန့်မှန်းခြေ (၆) လနှင့် နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ပြုပြင်ပြီး ခန့်မှန်းခြေ (၆)လ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ မူလခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
|---|---|---|---|---|
| (က) | သာမန်အသုံးစရိတ် | ၆,၄၈၆,၁၃၃ | ၈,၀၀၆,၇၆၁ | (+) ၁,၅၂၀,၆၂၈ |
| (ခ) | ငွေလုံးငွေရင်းအသုံးစရိတ် | ၁,၁၆၀,၆၀၂ | ၂,၁၉၄,၇၄၁ | (+) ၁,၀၃၄,၁၃၉ |
| (ဂ) | ကြွေးမြီအသုံးစရိတ် | ၃၁၅,၆၉၉ | ၄၇၆,၁၉၆ | (+) ၁၆၀,၄၉၇ |
| | စုစုပေါင်း | ၇,၉၆၂,၄၃၄ | ၁၀,၆၇၇,၆၉၈ | (+) ၂,၇၁၅,၂၆၄ |

၇။ ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၏ စုစုပေါင်းရငွေ၊ စုစုပေါင်းအသုံးစရိတ်နှင့် လိုငွေတို့၏ ယမန်နှစ် မူလခန့်မှန်းခြေ (၆) လနှင့် နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ မူလ ခန့်မှန်းခြေ (၆)လ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ မူလခန့်မှန်းခြေ | တိုး(+) လျော့(-) |
|---|---|---|---|---|
| (၁) | စုစုပေါင်းရငွေ | ၆,၆၅၃,၉၁၇ | ၈,၄၉၁,၉၈၂ | (+) ၁,၈၃၈,၀၆၅ |
| (၂) | စုစုပေါင်းအသုံးစရိတ် | ၉,၁၁၀,၇၇၆ | ၁၀,၆၇၇,၆၉၈ | (+) ၁,၅၆၆,၉၂၂ |
| (၃) | ပိုငွေ(+) /လိုငွေ(-) | (-) ၂,၄၅၆,၈၅၉ | (-) ၂,၁၈၅,၇၁၆ | (-) ၂၇၁,၁၄၃ |
| (၄) | ဂျီဒီပီတန်ဖိုး | ၂၉,၄၁၀,၀၀၀ | ၃၂,၈၇၃,၂၀၃ | |
| (၅) | လိုငွေနှင့်ဂျီဒီပီအချိုး | ၈.၃၅ % | ၆.၆၅% | |

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဂျီဒီပီတန်ဖိုးနှင့် နှိုင်းယှဉ်ချက်

| | | |
|---|---|---|
| (၆) | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဂျီဒီပီတန်ဖိုး | ၉၁,၃၁၉,၄၃၃ |
| (၇) | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဂျီဒီပီတန်ဖိုး၏ ၅၀% | ၄၅,၆၅၉,၀၀၀ |
| (၈) | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဂျီဒီပီတန်ဖိုး၏ ၅၀% နှင့်တွက်ပါက လိုငွေနှင့် ဂျီဒီပီအချိုး | ၄.၇၉% |

၈။ ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၏ စုစုပေါင်းရငွေ၊ စုစုပေါင်းအသုံးစရိတ်နှင့် လိုငွေတို့၏ ယမန်နှစ်ပြုပြင်ပြီးခန့်မှန်းခြေ (၆)လနှင့် နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ပြုပြင်ပြီး ခန့်မှန်းခြေ (၆)လ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ မူလခန့်မှန်းခြေ | တိုး(+) လျော့(-) |
|---|---|---|---|---|
| (၁) | စုစုပေါင်းရငွေ | ၆,၈၀၂,၀၂၃ | ၈,၄၉၁,၉၈၂ | (+) ၁,၆၈၉,၉၅၉ |
| (၂) | စုစုပေါင်းအသုံးစရိတ် | ၇,၉၆၂,၄၃၄ | ၁၀,၆၇၇,၆၉၈ | (+) ၂,၇၁၅,၂၆၄ |
| (၃) | ပိုငွေ(+) /လိုငွေ(-) | (-) ၁,၁၆၀,၄၁၁ | (-) ၂,၁၈၅,၇၁၆ | (+) ၁,၀၂၅,၃၀၅ |
| (၄) | ဂျီဒီပီတန်ဖိုး | ၂၉,၄၁၀,၀၀၀ | ၃၂,၈၇၃,၂၀၃ | |
| (၅) | လိုငွေနှင့်ဂျီဒီပီအချိုး | ၃.၉၄ % | ၆.၆၅% | |

၉။ ပြည်ပမှအကူအညီရငွေနှင့် ပြည်ပမှချေးငွေတို့ဖြင့် သုံးစွဲရန် လျာထားသည့် မြန်မာကျပ်ငွေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| | အကြောင်းအရာ | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း |
|---|---|---|---|---|---|
| (က) | ပြည်ပအကူအညီရငွေဖြင့် သုံးစွဲမည့်ငွေ | ၂၁၀,၇၃၈ | ၇၆,၇၆၄ | ၄,၈၁၂ | ၂၉၂,၃၁၄ |
| (ခ) | ပြည်ပချေးငွေဖြင့် သုံးစွဲမည့်ငွေ | ၂၈၉,၃၉၁ | ၅၉၄,၄၅၀ | ၁၁၁,၅၂၈ | ၉၉၅,၃၆၉ |
| | စုစုပေါင်း | ၅၀၀,၁၂၉ | ၆၇၁,၂၁၄ | ၁၁၆,၃၄၀ | ၁,၂၈၇,၆၈၃ |

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လျာထားသော ပြည်ပမှအကူအညီရငွေမှာ အမေရိကန်ဒေါ်လာတန်ဖိုးဖြင့် ၁၈၃.၅၂၄ သန်း ဖြစ်ပြီး ပြည်ပချေးယူရငွေမှာ အမေရိကန်ဒေါ်လာတန်ဖိုးဖြင့် ၇၁၈.၂၂၇ သန်း ဖြစ်ပါသည်။

၁၀။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ လိုငွေကျပ် **၈၂၀,၁၅၇** သန်းကို ဖြည့်ဆည်းပေးရန် လျာထားပါသည်။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းတွင် လိုငွေအတွက် ဖြည့်ဆည်းပေးမှု ကျပ် ၁,၇၀၇,၅၈၀ သန်း ၏ တစ်ဝက်မှာ ကျပ် **၈၅၃,၇၉၀** သန်း ဖြစ်သဖြင့် လိုငွေအတွက် ဖြည့်ဆည်းပေးမှုတွင် ယခင်နှစ်တစ်ဝက်ထက် ကျပ် **၃၃,၆၃၃** သန်း လျော့နည်းပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လတွင် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ သွင်းကုန်တင်သွင်းမှုအပေါ် ကောက်ခံရရှိသည့် ငွေမှအပ ဖြစ်သော ကျပ်ငွေဖြင့် ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅%၊ အထူးကုန်စည်ခွန်၏ ၁၅%နှင့် ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကောက်ခံရရှိသည့် ဝင်ငွေခွန်၏ ၅% ကျပ် ၈၁,၁၃၈ သန်း ကို အခွန်ဝေစုအဖြစ် ခွဲဝေပေးခဲ့ပါသည်။

၁၁။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ကောက်နုတ်တင်ပြချက်များကို နောက်ဆက်တွဲ (က) ဖြင့် ဖော်ပြပါသည်။

၁၂။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းသည် နိုင်ငံတော်၏ မူဝါဒများနှင့်စီမံကိန်း ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် အထောက်အကူပြုနိုင်ခြင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးထားခြင်း၊ ဂျီဒီပီမှာ ပထမ (၆) လတွင် ၂၀၁၇-၂၀၁၈ တစ်နှစ်လုံး ဂျီဒီပီတန်ဖိုး၏ ၅၀% နှင့် နှိုင်းယှဉ်ပါက နည်းသဖြင့် လိုငွေနှင့်ဂျီဒီပီအချိုး ၅% ကျော်နေသော်လည်း ၂၀၁၇-၂၀၁၈ မူလခန့်မှန်းခြေ (၆) လ၏ လိုငွေနှင့်ဂျီဒီပီအချိုးနှင့် နှိုင်းယှဉ်ပါက လျော့နည်းသဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ထောက်ခံတင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။

၁၃။ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေကြောင်းအရ သဘောထားမှတ်ချက်ရယူ၍ သဘောထားမှတ်ချက်များနှင့်အညီ ပြင်ဆင်ထားပြီးဖြစ်ပါသည်။

၁၄။ သို့ဖြစ်ပါ၍ ဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စုနယ်မြေ အသုံးစရိတ်များပါရှိသော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများ ခွင့်ပြုခြင်းအပါအဝင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ထောက်ခံတင်ပြအပ်ပါသည်။

နောက်ဆက်တွဲ(က)

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ကောက်နုတ်တင်ပြချက်

## ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အတွက် ပြည်ထောင်စု၏ ရငွေအခြေအနေ

၁။ (၆) လအလိုက် တိုးတက်လာသည့် ရငွေအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| ဘဏ္ဍာရေးနှစ် | ရငွေ | တိုးတက်မှု | |
|---|---|---|---|
| | | ပမာဏ | နှုန်း |
| ၂၀၁၅-၂၀၁၆(အမှန်) | ၆,၈၅၀,၀၅၉.၀၈၈ | | |
| ၂၀၁၆-၂၀၁၇(ရှေ့ပြေး) | ၆,၅၁၄,၆၇၂.၃၀၅ | (-)၃၃၅,၃၈၆.၇၈၃ | (-)၄.၉၀% |
| ၂၀၁၇-၂၀၁၈(မူလ) | ၆,၆၅၃,၉၁၇.၄၈၇ | ၁၃၉,၂၄၅.၁၈၂ | ၂.၁၄% |
| ၂၀၁၇-၂၀၁၈ (ပြုပြင်ပြီး) | ၆,၈၀၂,၀၂၂.၈၇၁ | ၁၄၈,၁၀၅.၃၈၄ | ၂.၂၃% |
| ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် (မူလ) | ၈,၄၉၁,၉၈၁.၆၆၉ | ၁,၆၈၉,၉၅၈.၇၉၈ | ၂၄.၈၄% |

## ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အတွက် ပြည်ထောင်စု၏ သုံးငွေအခြေအနေ

၂။ (၆) လအလိုက်တိုးတက်လာသည့် သုံးငွေအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| ဘဏ္ဍာရေးနှစ် | သုံးငွေ | တိုးတက်မှု | |
|---|---|---|---|
| | | ပမာဏ | နှုန်း |
| ၂၀၁၅-၂၀၁၆(အမှန်) | ၇,၉၉၉,၈၀၅.၈၂၇ | | |
| ၂၀၁၆-၂၀၁၇(ရှေ့ပြေး) | ၇,၁၄၁,၉၉၂.၃၈၉ | (-)၈၅၇,၈၁၃.၄၃၈ | (-)၁၀.၇၂% |
| ၂၀၁၇-၂၀၁၈(မူလ) | ၉,၁၁၀,၇၇၅.၇၂၀ | ၁,၉၆၈,၇၈၃.၃၃၁ | ၂၇.၅၇% |
| ၂၀၁၇-၂၀၁၈ (ပြုပြင်ပြီး) | ၇,၉၆၂,၄၃၄.၃၀၆ | (-)၁,၁၄၈,၃၄၁.၄၁၄ | (-)၁၂.၆၀% |
| ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် (မူလ) | ၁၀,၆၇၇,၆၉၈.၁၇၄ | ၂,၇၁၅,၂၆၃.၈၆၈ | ၃၄.၁၀% |

## ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အတွက် ပြည်ထောင်စု၏ လိုငွေအခြေအနေ

၃။ (၆)လအလိုက်ဖြစ်ပေါ်သည့် လိုငွေ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| ဘဏ္ဍာရေးနှစ် | လိုငွေပမာဏ | လိုငွေနှင့်ဂျီဒီပီအချိုး |
|---|---|---|
| ၂၀၁၅-၂၀၁၆(အမှန်) | (-)၁,၁၄၉,၇၄၆.၇၃၉ | ၄.၆၃% |
| ၂၀၁၆-၂၀၁၇(ရွေ့ပြေး) | (-)၆၂၇,၃၂၀.၀၈၄ | ၂.၃၇% |
| ၂၀၁၇-၂၀၁၈(မူလ) | (-)၂,၄၅၆,၈၅၈.၂၃၃ | ၈.၃၅% |
| ၂၀၁၇-၂၀၁၈ (ပြုပြင်ပြီး) | (-)၁,၁၆၀,၄၁၁.၄၃၅ | ၃.၉၄% |
| ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် (မူလ) | (-)၂,၁၈၅,၇၁၆.၅၀၅ | ၆.၆၅% |

မှတ်ချက်။ *၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် မူလခန့်မှန်းခြေငွေစာရင်း လိုငွေနှင့် ဂျီဒီပီအချိုး ၆.၆၅% သည်လည်း အမှန်စာရင်းထွက်ရှိလာသည့်အခါ လျော့နည်းနိုင်ပါသည်။

## တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေဖြည့်ဆည်းခြင်း

၄။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် တိုင်းဒေသကြီး/ ပြည်နယ်များအတွက် ဘဏ္ဍာရေးကော်မရှင်က အတည်ပြုလျာထားသော လိုငွေဖြည့်ဆည်းပေးမည့် အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| တိုင်းဒေသကြီး/ပြည်နယ် | လိုငွေဖြည့်ဆည်းပေးခြင်း |
|---|---|
| ကချင်ပြည်နယ် | ၆၉,၅၁၅.၆၇၁ |
| ကယားပြည်နယ် | ၂၃,၆၈၀.၇၆၁ |
| ကရင်ပြည်နယ် | ၃၇,၅၀၀.၃၂၃ |
| ချင်းပြည်နယ် | ၆၅,၉၇၆.၀၁၈ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၈၈,၃၅၇.၂၀၄ |
| တနင်္သာရီတိုင်းဒေသကြီး | ၇၂,၂၈၂.၂၀၇ |

(ကျပ်သန်းပေါင်း)

| တိုင်းဒေသကြီး/ပြည်နယ် | လိုငွေဖြည့်ဆည်းပေးခြင်း |
|---|---|
| ပဲခူးတိုင်းဒေသကြီး | ၆၃,၄၀၂.၀၇၉ |
| မကွေးတိုင်းဒေသကြီး | ၆၈,၅၄၇.၆၂၂ |
| မန္တလေးတိုင်းဒေသကြီး | ၅၁,၅၃၇.၆၁၆ |
| မွန်ပြည်နယ် | ၃၅,၉၄၃.၇၀၄ |
| ရခိုင်ပြည်နယ် | ၇၀,၇၅၃.၇၁၅ |
| ရန်ကုန်တိုင်းဒေသကြီး | ၁၀,၇၉၆.၉၅၇ |
| ရှမ်းပြည်နယ် | ၁၀၅,၃၆၉.၃၁၈ |
| ဧရာဝတီတိုင်းဒေသကြီး | ၅၆,၄၉၃.၅၄၄ |
| ပေါင်း | **၈၂၀,၁၅၆.၇၃၉** |

<u>ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ခွဲဝေပေးမည့် အခွန်ဝေစုလျာထားချက်</u>

၅။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လအတွက် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ခွဲဝေပေးမည့် အခွန်ဝေစုလျာထားချက် အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| တိုင်းဒေသကြီး/ပြည်နယ် | အခွန်ဝေစုလျာထားချက် |
|---|---|
| ကချင်ပြည်နယ် | ၅၂၃.၃၆၃ |
| ကယားပြည်နယ် | ၁၇၈.၇၇၈ |
| ကရင်ပြည်နယ် | ၄၈၄.၁၃၃ |
| ချင်းပြည်နယ် | ၃၇၇.၁၄၆ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၁,၄၁၈.၄၉၁ |
| တနင်္သာရီတိုင်းဒေသကြီး | ၆၂၂.၀၄၆ |
| ပဲခူးတိုင်းဒေသကြီး | ၉၃၃.၆၇၆ |
| မကွေးတိုင်းဒေသကြီး | ၇၈၁.၀၄၇ |
| မန္တလေးတိုင်းဒေသကြီး | ၇,၀၉၀.၄၄၄ |
| မွန်ပြည်နယ် | ၄၇၃.၉၁၇ |
| ရခိုင်ပြည်နယ် | ၁,၂၄၃.၉၃၀ |
| ရန်ကုန်တိုင်းဒေသကြီး | ၆၃,၈၀၆.၀၀၆ |
| ရှမ်းပြည်နယ် | ၂,၁၄၈.၃၉၆ |
| ဧရာဝတီတိုင်းဒေသကြီး | ၁,၀၅၆.၂၆၆ |
| ပေါင်း | **၈၁,၁၃၇.၆၃၉** |